# သာမန်ကာလ (၂၅)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်မာကု ၉း၃၀-၃၇

ယေရှုဘုရားရှင်က သူ့ရဲ့တပည့်တော်ကြီးတွေကို သုံးနှစ်သုံးမိုး သင်ကြား လမ်းညွှန်ပေးနိုင်ဖို့အတွက် တပည့်တော်ကြီးတွေကို သူနဲ့အတူ သွားလာစေတယ်၊ သူနဲ့အတူ နေစေပါတယ်။ ဒီလို ထိထိရောက်ရောက် သွန်သင်ပေးနိုင်ဖို့ တပည့်တော်ကြီးတွေကို ကိုယ်လုပ်နေကျအလုပ်တွေကို စွန့်လွှတ်ပြီး ဘုရားနဲ့အတူ လာနေစေပါတယ်။ ဒါမှ သူတို့ကို အဖခမည်းတော်ဘုရားအကြောင်း၊ ဘုရားထံ ဆုတောင်းနည်း၊ ဘုရားအလိုတော်ကို လိုက်နာနည်း၊ ကိုယ့်မှာ ထားရှိရမည့်စိတ်ထားတွေကို သွန်သင်ပေးရုံမျှမကပဲ ယေရှုဘုရားကိုယ်တော်တိုင်ရဲ့ ကျင့်ကြံနေထိုင်ပုံကို လက်တွေ့မြင်နေရလို့ တပည့်တော်ကြီးတွေက ပြောင်းလဲလာကြပါတယ်။ တပည့်တော်ကြီးတွေတောင် ဝိညာဉ်ရေးအတွက် ဒီလောက်အချိန် ပေးနေရရင် ကျနော်တို့လည်း ကျနော်တို့ရဲ့ဝိညာဉ်ရေးအတွက် ဘယ်လောက်တောင် အချိန်ပေးသင့်သလဲ စဉ်းစားကြည့်ပါ။

ဒါကြောင့် ယနေ့ ဘုန်းကြီးဖတ်သွားတဲ့ ရှင်မာကု ဧဝံဂေလိကျမ်းစာမှာ သခင်ယေရှုက သူတို့သွားလာတာကို လူအများ မသိစေလိုဘူး တဲ့။ ဘာဖြစ်လို့လဲဆိုတော့ တစ်ခြားလူတွေနဲ့ ရှုပ်ရှုပ်ထွေးထွေး မနေစေပဲ သူတို့ကို သီးသန့် သွန်သင်ပေးချင်လို့ ဖြစ်ပါတယ်။

သခင်ယေရှုက သူအသေခံမည့်အကြောင်း၊ အသေခံပြီး သုံးရက်မြောက်သောနေ့မှာ သေရာမှ ပြန်ရှင်လိမ့်မည်ဆိုတဲ့အကြောင်းကို သုံးခါလောက် ကြိုတင် မိန့်တော်မူပါတယ်။ တပည့်တော်ကြီးတွေကလည်း သခင်ယေရှုဟာ ရောမတွေကို တွန်းလှန်ပြီး နိုင်ငံတော်အသစ် ထူထောင်မယ်။ သူတို့က အရေးပါတဲ့ရာထူးရာခံတွေ ရကြမယ်ဆိုတာပဲ

စိတ်ထဲမှာ ရှိနေကြတော့ အခုလို သခင်ယေဇူးက တစ်နေ့ အသတ်ခံရမယ်ဆိုတာ မကြားချင်ဘူး။ ကြားလိုက်ရတဲ့အခါမှာလည်း နားမလည်နိုင်ကြပါဘူး။ နားမလည်လို့ ပြန်မေးပြန်ရင်လည်း ဟိုတစ်ခါတုန်းကလို ပေတရုးကို "ဆုတ်ဟဲ့ စာတန်" လို့ အငေါက်ခံရအုံးမယ်။ ဒါကြောင့် ကိုယ်တော့ကို မမေးမြန်းကြတော့ပါဘူး။

တကယ်တမ်းတော့ တပည့်တော်ကြီးတွေက ပိုပြီး အာရုံစိုက်သင့်တဲ့စကားကတော့ "အသေခံပြီး သုံးရက်မြောက်သောနေ့မှာ သေရာမှပြန်ရှင်လိမ့်မယ်" ဆိုတဲ့ ဂတိစကားပါပဲ။ "အသေသတ်ခံရမယ်" ဆိုတဲ့စကားကြောင့် အလွန်အမင်း ဝမ်းနည်းနေတော့ "သေရာမှပြန်ရှင်မယ်" ဆိုတဲ့ ဂတိစကားကို အာရုံမစိုက်နိုင်ကြတော့ပါဘူး။ ကျနော်တို့လည်း အလွန်အမင်း ဝမ်းနည်းကြတဲ့အခါ ဘုရားရှင်ရဲ့ ဂတိစကားတွေကို အာရုံမစိုက်နိုင်ကြတာဟာ မဖြစ်သင့်ပါဘူး။ ဘုရားရှင်ရဲ့ ဂတိတော်တွေဟာ ပြည့်စုံနေတာပဲ မဟုတ်ဘူးလား။ သုံးရက်မြောက်တဲ့နေ့မှာ သေရာမှပြန်ရှင်မယ်ဆိုတဲ့ဂတိစကားအတိုင်း သေရာမှပြန်ရှင်ခဲ့တယ်။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားကို လူတွေနဲ့အတူရှိစေဖို့ စေလွှတ်ပေးမယ်ဆိုတဲ့ ဂတိစကားအတိုင်း တကယ် စေလွှတ်ပေးခဲ့တယ် မဟုတ်ဘူးလား။ တစ်နေ့ ယေဇူးဘုရားရှင်က ပြန်လည်ဆင်းကြွလာမယ်ဆိုတဲ့ဂတိစကားကလည်း အမှန်တကယ် ဖြစ်လာပါလိမ့်မယ်။

ဝိညာဉ်ရေးမှာ အသင်အကြားခံရတဲ့ တပည့်တော်ကြီးတွေက မပြည့်စုံကြသေးတဲ့အတွက်ကြောင့် တပည့်တော်ကြီးတွေလည်း ကျနော်တို့လိုပဲ နေရာ ရာထူး ရချင်တယ်။ သူတပါးထက် ကြီးမြတ်ချင်တယ်။ သူတပါးထက် အစစအရာရာမှာ သာချင်တယ်။ ဘဝမှာ တသက်စာ ပြည့်စုံဖူလုံချင်တယ်ဆိုတဲ့ တကိုယ်ကောင်းစိတ်တွေ ရှိကြပါတယ်။ ဒီလို စိတ်ဓာတ်ဟာ မကောင်းပါဘူး။ လူကို

မငြိမ်းချမ်းစေဘူး။ အမြဲတမ်း သူတပါးနဲ့ နှိုင်းယှဉ်ပြီးတော့ မနာလိုနေတယ်။ ဒါကြောင့် ကိုယ့်ထက်သာမယ်ဆိုရင် သူ့ကို ချေဖျက်ချင်တယ်။ ကိုယ့်ကိုယ်ကို တိုးတက်အောင် လုပ်ရမည့်အစား သူတပါးကို ငါ့ထက်မသာအောင် ဘယ်လို ချေဖျက်ရမလဲဆိုတာကိုပဲ အားစိုက်နေတယ်။ ဘုရားရဲ့နိုင်ငံတော်ထဲမှာ အဲ့လိုစိတ်ထားတွေ မရှိရပါဘူး။ အကယ်၍ အဲ့လို မနာလို ခါးသီးနေတဲ့စိတ်ထားတွေနဲ့ဆိုရင် ကောင်းကင်နိုင်ငံတော်ဟာ ဘယ်လိုလုပ်ပျော်စရာကောင်းပါတော့မလဲ။

ဘုရားရှင်ရဲ့နိုင်ငံတော်ထဲမှာ ရှိရမည့်စိတ်ထားက အားလုံးအပေါ်မှာ စေတနာ စိတ်၊ အများအတွက် ဆက်ကပ်တဲ့စိတ်၊ အားလုံး ကောင်းစားရေးကို စိတ်ဝင်စားတဲ့စိတ်ထား၊ ချစ်တဲ့စိတ်ထားတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ယေရှုဘုရားရှင်က “သင်တို့တွင် အကြီးမြတ်ဆုံးဖြစ်လိုသောသူသည် အားလုံး၏အစေခံ ဖြစ်ရမည်။” လို့ မိန့်တော်မူပါတယ်။ ဒီလိုပဲ နိုင်ငံတစ်နိုင်ငံရဲ့ခေါင်းဆောင် ဖြစ်ချင်ရင် ပြည်သူတစ်ရပ်လုံး ကောင်းစားရေးအတွက် ကိုယ့်ကိုယ်ကို အနစ်နာခံတတ်တဲ့သူ ဖြစ်ဖို့ လိုပါတယ်။ ခေါင်းဆောင်လုပ်သူတွေ သတိထားပါ။ ကိုယ့်အတွက် ကိုယ့်မိသားစုအတွက် တကိုယ်ကောင်းစိတ် မရှိစေရပါဘူး။ မျက်နှာလိုက်ခြင်း၊ မညီမျှခြင်း၊ ခွဲခြားဆက်ဆံခြင်းတွေ မလုပ်ရပါဘူး။ ဒါဟာ ဘုရား မကြိုက်တဲ့စိတ်ထားတွေ ဖြစ်ပါတယ်။

အပြင်လောကမှာ လူငယ်တွေ တိုးတက်စေဖို့အတွက် ခွန်အားပေးသင်တန်းတွေက ပြောလေ့ရှိကြပါတယ်။ “မျှော်မှန်းချက်ကြီးကြီးထားပါ၊ နေ့တိုင်းဟာ သင့်အတွက် အခွင့်အရေးကောင်းတွေပါ” စသဖြင့် ဟောပြောကြပါတယ်။ သူတို့ ဟောပြောကြတာကလည်း မှန်ပါတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကို ခွန်အားဖြည့်ပြီး တိုးတက်အောင်လုပ်မည့် လူငယ်တွေအနေနဲ့ ခုနက ပြောသလို မိမိကိုယ်ကို တည်ဆောက်ရင်းနဲ့ သူတပါးတွေ ကိုယ်ထက်မသာအောင် ချေဖျက်မယ်ဆိုရင်တော့ သူ့ရဲ့

ကျိုးစားမှုက လမ်းမှားနေပါပြီ။ အဲ့ဒီလို မဟုတ်ရပဲ ဘုရားတရားစိတ်ထားနဲ့ သူတပါးတွေ အားနည်းတဲ့သူတွေအပေါ်မှာလည်း စေတနာ မေတ္တာထားပြီး လက်တွဲခေါ်ချင်တဲ့စိတ်ရှိရပါမယ်။

ဒါကြောင့် ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာ ရှင်ယာကုပ် ၃း၁၆ မှာ "မနာလိုခြင်းနှင့် တစ်ကိုယ်ကောင်းဆန်သောရည်မှန်းချက်တို့ ရှိသည့်နေရာ၌ မငြိမ်မသက်ရှိပြီး ဆိုးယုတ်မှုအမျိုးမျိုးတို့ကို ဖြစ်ပေါ်စေနိုင်သောကြောင့်တည်း။" တဲ့ ။ ဘုရားကြိုက်တဲ့စိတ်ထားက လူကို စင်ကြယ်စေတယ်၊ ငြိမ်းချမ်းသာယာစေတယ်ဆိုတဲ့အကြောင်း ဆက်ဖတ်ကြည့်မယ်ဆိုရင် "အထက်ကောင်းကင်မှလာသော ဉာဏ်ပညာမူကား ပထမဦးဆုံးအနေဖြင့် စင်ကြယ်၏။ ထို့နောက် ငြိမ်းချမ်းသာယာစေပြီး နူးညံ့သိမ်မွေ့ကာ စဉ်းစားဆင်ခြင်နိုင်စွမ်း ရှိသည်။ ၎င်းသည် သနားကြင်နာခြင်းဖြင့် ပြည့်ဝ၍ ကောင်းသောအမှုကို ပြုစေပြီး မျက်နှာလိုက်ခြင်း မရှိ၊ သူတော်ကောင်းယောင်ဆောင်ခြင်းလည်း မရှိပေ။ ငြိမ်းချမ်းရေးဆောင်ရွက်သူတို့သည်လည်း ဖြောင့်မတ်ခြင်း၏ အသီးအပွင့်များကို ငြိမ်းချမ်းစွာ မျိုးစေ့ကြဲတတ်ကြ၏။"

နားဆင်သူအားလုံးအပေါ် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။